**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**ဒသမနေ့ အစီအစဉ်**

**[ ၂-၂-၂၀၁၅ ] (တနင်္လာနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာရှိ လယ်သမားများထံမှ (န.စ.က) တပ်စခန်းက သိမ်းယူထားသော မြေများအနက် တပ်ခြံစည်းရိုး ပြင်ပရှိ ပိုလျှံသည့် လယ်မြေများအား ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **အချို့မြို့နယ်များနှင့် ကျေးရွာများတွင် မြို့အမည်၊ ကျေးရွာအမည်များအား ပါဠိအမည်တပ်၍ ဆိုင်းဘုတ် တင်ထားခြင်းကို ခွင့်ပြုထားခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့ကဲ့သို့ နှစ်ပေါင်း (၂၅)နှစ်ကျော် ကြာမြင့်ခဲ့သည့် မြို့သစ်များတွင် ကွန်ကရစ်လမ်း ခင်းပေးရန်နှင့် အခြေခံလူတန်းစားနှင့် အလတ်တန်းစားများအတွက် မြို့သစ်များ ဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်က **"မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုများ လျော့နည်းရေးအတွက် လိုအပ်လျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေး ဥပဒေတစ်ရပ်ကို အလျင်အမြန် ရေးဆွဲပေးနိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။